# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## **လူမှုဖူလုံရေးအဖွဲ့**

### **လူမှုဖူလုံရေးရန်ပုံငွေမှ လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်များ ထောက်ပံ့ခြင်းနှင့် ပတ်သက်၍ အလုပ်ရှင်များ ဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်ခြင်း**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၁၉-၄-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Corona Virus Disease 2019 (COVID-19) နှင့် စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသို့ လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ကြေညာချက်နှင့် ၃၀-၄-၂၀၂၀ ရက်နေ့တွင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့် ပတ်သက်၍ စစ်ဆေးဆောင်ရွက်မည့်ရက်တိုးမြှင့်ခြင်းအား အကြောင်းကြားချက်စာများအရ ၂၀-၄-၂၀၂၀ ရက်နေ့တွင် ဖွင့်လှစ်ရန်စီစဉ်ထားသော်လည်း စစ်ဆေးခံရန် ယာယီပိတ်သိမ်းခဲ့ရသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ လူမှုဖူလုံရေးအကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအနေဖြင့် ၂၀-၄-၂၀၂၀ ရက်နေ့မှစ၍ အောက်ဖော်ပြပါအတိုင်း အလုပ်လုပ်ကိုင်ခြင်းမှ ယာယီရပ်နားခဲ့ရပါသည် -

(က) စစ်ဆေးရေးအဖွဲ့က စစ်ဆေးပြီးနောက် ဖွင့်လှစ်ခွင့်ရရှိသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသည် ဖွင့်လှစ်ခွင့်ပြုခဲ့သည့်ရက်နေ့အထိ လည်းကောင်း၊

(ခ) စစ်ဆေးရေးအဖွဲ့ကစစ်ဆေးပြီးနောက် ဖွင့်လှစ်ခွင့်မရရှိဘဲ ပြင်ဆင်ပြီးမှ ပြန်လည်ဖွင့်လှစ်ရမည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက် စစ်ဆေးပြီးစီးသည့်ရက်မှ နောက်အများဆုံး (၅) ရက်အထိလည်းကောင်း၊

၂။ သို့ရာတွင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအနေဖြင့် ၂၀-၄-၂၀၂၀ရက်မှ ၁၅-၅-၂၀၂၀ ရက်နေ့အထိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခံရန် အကြောင်းကြားမှုမရှိခြင်း၊ စစ်ဆေးခံနိုင်မှုမရှိခြင်းတို့ကို စိစစ်တွေ့ရှိရပါက အဆိုပါ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်ကိုရရှိမည် မဟုတ်ပါ။

၃။ စာပိုဒ်(၁)ပါအရ ယာယီအလုပ်ရပ်နားခဲ့ရသော လူမှုဖူလုံရေးအဖွဲ့နှင့် အကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများအတွက် ရပ်နားထားရသည့်ရက်များအလိုက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၃ (ခ) (၂) နှင့် ဥပဒေပုဒ်မ ၁၀၀ တို့အရ ၁/၂၀၂၀လ အတွက် ထည့်ဝင်ကြေးပေးသွင်းထားသည့် လုပ်ခလစာ၏ ၄၀% ကိုလူမှုဖူလုံရေး ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်တောင်းခံရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်-

(က) လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်ကို သတ်မှတ်ထားသည့် ကာလအတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့

အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ စစ်ဆေးမှုကို ခံယူပြီး လုပ်ငန်းပြန်လည်ဖွင့်လှစ်လုပ်ကိုင်ခွင့် အတည်ပြုချက် အထောက်အထားနှင့် သတ်မှတ်ထားသည့် ပူးတွဲပုံစံနှင့်တကွ သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးသို့ ဖြစ်စေ၊ Online မှဖြစ်စေ လျှောက်ထားရန်၊

(ခ) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနမှတာဝန်ရှိသူသည် ချက် (Cheque) လက်ခံရရှိသည့် နေ့မှစ၍ အမြန်ဆုံး ထုတ်ပေးရန်၊

(ဂ) ထုတ်ပေးပြီးသည့် အာမခံအလုပ်သမား တစ်ဦးချင်းစီအတွက် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်များကို လက်ခံရရှိကြောင်း အလုပ်သမားများ၏ လက်မှတ်ရေးထိုးထားသည့် အထောက်အထားကို သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးသို့ ချက် (Cheque) လက်ခံရရှိသည့်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း တင်ပြရန်နှင့် လာရောက်ထုတ်ယူခြင်းမရှိသည့် အလုပ်သမားစာရင်းနှင့် ထောက်ပံ့ငွေများကို မြို့နယ်လူမှုဖူလုံရေးရုံးသို့ ပြန်လည်ပေးသွင်းရန်၊

(ဃ) လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးထားသည့် အလုပ်သမားများအနက် ထောက်ပံ့ငွေမရရှိကြောင်း အလုပ်သမားမှ တင်ပြလာပါက အလုပ်ရှင်မှ တာဝန်ယူထုတ်ပေးရန်၊

(င) လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်များကို (၁/၂၀၂၀) လ အတွက် ထည့်ဝင်ကြေးပေးသွင်းထားသည့် အလုပ်သမားစာရင်းအရ ထောက်ပံ့မှုပေးအပ်သွားမည်ဖြစ်ရာ လူမှုဖူလုံရေးဥပဒေနှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း၊ အမှန်ရှိသည့် အလုပ်သမားဦးရေအတိုင်း မပေးသွင်းခဲ့ခြင်းကြောင့်အလုပ်သမားများ ထောက်ပံ့ကြေးငွေများ ခံစားခွင့်မရှိခြင်း၊ လုပ်ခလစာ လျှော့၍ ပေးသွင်းခြင်းတို့ကြောင့် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် လျော့နည်းခံစားရခြင်းများ ဖြစ်ပေါ်ပါက ၂၀၁၂ ခုနှစ် ၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၆၉ နှင့် အညီ အလုပ်ရှင်များမှ လူမှုဖူလုံရေးအဖွဲ့ကိုယ်စား ထောက်ပံ့ပေးရန်၊

(စ) **Online Webportal** မှအောက်ပါလုပ်ငန်းစဉ်များအတိုင်း လျှောက်ထားရမည် ဖြစ်သည်-

(၁) SSB Webportal (https://www.ssbmyanmar.org) သို့ ဝင်ရောက်ရမည် ဖြစ်ပါသည်။

(၂) အဆိုပါ Portal ၏ အလုပ်ရှင်မှ လျှောက်ထားရမည့်နေရာတွင်-

- အလုပ်ရှင်မှ အလုပ်ရှင်မှတ်ပုံတင်အမှတ် (SSN) ဖြင့် စနစ်သို့ ဝင်ရောက်ပြီး Member Registration ပြုလုပ်ရပါမည်။